**CHINLAND DEFENSE FORCE**
**HAKHA**

# အာဏာရူးမင်းအောင်လှိုင် အကြမ်းဖက်အဖွဲ့၏ ထန်တလန်မြို့ကို လက်နက်ကြီး(မီးကျည်)ဖြင့် ပစ်ခတ်မီးရှို့မှုအပေါ် သတိပေးခြင်းနှင့် သဘောထားထုတ်ပြန်ချက်

စာအမှတ် ၁၀/၂၀၂၁

ရက်စွဲ ။ အောက်တိုဘာလ (၃၀)ရက်၊ ၂၀၂၁

ချင်းပြည်နယ် ထန်တလန်မြို့ကို အာဏာရူးမင်းအောင်လှိုင် အကြမ်းဖက်အဖွဲ့မှ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့တွင် လက်နက်ကြီး(မီးကျည်)အသုံးပြုပြီး ဒေသခံပြည်သူများ၏ လူနေအိမ်များသို့ အဆမတန် ပစ်ခတ်မှုကြောင့် ဘာသာရေးဆောက်အအုံများ၊ ဈေးဆိုင်များအပါအဝင် ပြည်သူလူနေအိမ် ၁၆၄ ကျော် မီးလောင်ကျွမ်းပျက်စီးဆုံးရှုံးခဲ့ရခြင်းအပေါ် ထန်တလန်ဒေသခံများနဲ့အတူ လွန်စွာ ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

ထန်တလန်မြို့အပါအဝင် ချင်းပြည်အနှံ့တွင် နိုင်ငံတကာစစ်ဥပဒေ ရာဇဝတ်ကျူးလွန်သော အာဏာရူးမင်းအောင်လှိုင်အကြမ်းဖက်အဖွဲ့ကို အပြင်းအထန်ကန့်ကွက်ရှုတ်ချပြီး ပြည်သူများဆုံးရှုံးခဲ့ရသော နစ်နာမှုများနှင့် လုပ်ရပ်အပေါ် တာဝန်ယူဖြင့်ရှင်းရလိမ့်မည်။

Chinland Defense Force—Hakha အနေဖြင့် အာဏာရူးမင်းအောင်လှိုင် အကြမ်းဖက်အဖွဲ့ကို ပြင်းထန်သော စစ်ဆင်ရေးများပိုမို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အာဏာရူးမင်းအောင်လှိုင် အကြမ်းဖက်အဖွဲ့တို့အနေဖြင့် သတ္တိရှိပါက ပြည်သူနှင့် ပြည်သူ့စည်းစိမ်ကို တိုက်ရိုက်ထိခိုက်မှုမရှိသော မြို့ပြင်သို့ထွက်လာ စစ်ဆင်ရေးလုပ်ဆောင်ပါရန် စိန်ခေါ်အပ်ပါသည်။

အာဏာရူးမင်းအောင်လှိုင် အကြမ်းဖက်အဖွဲ့အပါအဝင် ၎င်းတို့ကို ကြိုးကိုင်ကြောထောက်လုပ်ကာ ပတ်သက်ဆက်နွယ်နေသည့်ထန်တလန်နှင့် ဟားခါးရှိ ရာထူးခံလူပုဂ္ဂိုလ်များ၊ Non-CDMနှင့် ဒလန်များကို CDF-Hakha ၏ စစ်ဘက်ဆိုင်ရာ စည်းမျဉ်းဥပဒေနှင့်အညီ ပြင်းပြင်းထန်ထန် အရေးယူတော့မည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်သည်။

Chinland Defense Force– Hakha

ဆက်သွယ်ရန်ဖုန်း - +91 9612854891, +91 8731058986